## တီဘီရောဂါ(tuberculosis -TB) နဲ့ ငုပ်လျှိုးတီဘီ(latent tuberculosis infection - LTBI) ဘာ ကွာလဲ?

တီဘီရောဂါ ဆိုတာ တီဘီဘက်တီးရီးယားပိုးကြောင့် ဖြစ်တာပါ။ အဆုတ်ထဲမှာ တီဘီပိုးရှိနေတဲ့ လူတစ်ယောက်က ချောင်းဆိုး(သို့)နှာချေလိုက်တဲ့အခါ အဲ့ဒီ တီဘီပိုးတွေကို လေထဲကို ထုတ်လွှတ်လိုက်ပါတယ်။ ဒီတီဘီပိုးတွေကို သင်ကခန္ဓာကိုယ်ထဲကို ရှူသွင်းလိုက်မိတဲ့အခါမှာ သင့်ရဲ့ ကိုယ်ခံအားစနစ်က ဒီတီဘီပိုးကို တိုက်ထုတ်ပစ်ဖို့ ကြိုးစားပါတယ်။

### သင့်ရဲ့ကိုယ်ခံအားစနစ်ကကောင်းနေပြီး တီဘီပိုးကို နိုင်သွားတဲ့အခါ...

သင့်ကိုယ်ခံအားက တီဘီပိုးကို ဖိနှိပ်ထိန်းချုပ်ထားလိုက်ပြီး သင့်ခန္ဓာကိုယ်ထဲမှာ အိပ်ပျော်နေအောင်လုပ်ထားလိုက်တယ်။ ဒါကို ငုပ်လျှိုးတီဘီ (Latent TB infection-LTBI) လို့ခေါ်တာပါ။ သင့်မှာ LTBI ရှိနေတဲ့အခါ, ဘာရောဂါလက္ခဏာမှ မပြဘူး၊ သင် နေကောင်းနေမယ်၊ သင့်ဆီကနေ တီဘီပိုးတွေတခြားလူဆီ မကူးစက်နိုင်ပါဘူး။

### ဒါပေမယ့် တီဘီရောဂါပိုးက သင့်ရဲ့ကိုယ်ခံအားစနစ်ကို အနိုင်ယူသွားတဲ့အခါ...

သင်နေထိုင်မကောင်းဖြစ်လာမယ်။ ဒါကို တီဘီရောဂါ လို့ ခေါ်ပါတယ်။
သင့်ဆီမှာ တီဘီရောဂါရှိနေပြီဆိုရင် သင့်အသက်အန္တရာယ်ကို ထိခိုက်နိုင်တဲ့အပြင် သင့်မိသားစု နဲ့ မိတ်ဆွေ၊ သူငယ်ချင်းတွေဆီကိုပါ ရောဂါကူးစက် စေနိုင်ပါတယ်။

## ဒါပေမယ့်... ငါ့နိုင်ငံမှာ LTBI ကိုရော၊ သူ့ရဲ့ကုသမှုအကြောင်း ကိုရော တစ်ခါမှ မကြားဖူးပါဘူး...

LTBI ကိုကိုင်တွယ်ဖြေရှင်းတဲ့နေရာမှာ ဦးစားပေးရမယ့် အခြေအနေတွေပေါ်မူတည်ပြီး နိုင်ငံတစ်ခုနဲ့တစ်ခုမှာ မတူညီတဲ့ မူဝါဒတွေရှိပါတယ်။ အကယ်၍ သင့်နိုင်ငံမှာ တီဘီလူနာတွေ အများကြီး ရှိနေမယ်ဆိုရင် ဒီတီဘီလူနာတွေကို ရှာဖွေကုသဖို့က ဦးစားပေးဖြစ်နေပါလိမ့်မယ်။



ဒီအချက်ကြောင့် LTBI နဲ့ သူ့ရဲ့ကုသမှုအကြောင်း ကို သင်မကြားဖူးတာဖြစ်ပါလိမ့်မယ်။ ဂျပန်နိုင်ငံ မှာကတော့တီဘီလူနာတွေ ပိုပိုပြီး နည်းလာတာကြောင့် LTBIလူနာတွေကို ရှာဖွေပြီး ကုသဖို့ ကြိုးစားနေကြတာပါ။

## ကျွန်ုပ်တို့အကြောင်း

ကျွန်ုပ်တို့ဟာ ဂျပန်နိုင်ငံမှာ တီဘီရောဂါတိုက်ဖျက်ရေးကိုသာ လုံးဝဥဿုံ နှစ်မြုပ်လုပ်ဆောင်နေတဲ့ တစ်ခုတည်းသော အစိုးရမဟုတ်တဲ့အဖွဲ့အစည်း ဖြစ်ပါတယ်။

**တီဘီသုတေသန အဖွဲ့၊**
ဂျပန် တီဘီရောဂါတိုက်ဖျက်ရေးအသင်း။
တိုကျိုမြို့၊ ဂျပန်နိုင်ငံ။ ဖုန်း : +၈၁ ၄၂ ၄၉၃ ၅၇၁၁
URL: http://www.jata.or.jp

# ငုပ်လျှိုးတီဘီ (LTBI) ဆိုတာ ဘာလဲ?

**တီဘီသုတေသန အဖွဲ့**
**ဂျပန် တီဘီရောဂါတိုက်ဖျက်ရေးအသင်း**



This pamphlet was created with the support of JSPS Grants-in-Aids for Scientific Research (C), grant number: JP20K10491.

## နေကောင်းနေမှတော့ ဘာလို့ LTBI ကို စိုးရိမ်နေရမှာလဲ?

ဘာလို့လဲဆိုတော့ သင့်ခန္ဓာကိုယ်ထဲမှာ ရှိနေတဲ့ တီဘီပိုးဟာ တစ်နေ့ကျရင် နိုးထလာပြီး သင့်ကို နေမကောင်းဖြစ်အောင် လုပ်လိမ့်မယ်။ ဆိုလိုတာက "တီဘီရောဂါ"အဖြစ်ကို ပြောင်းသွားလိမ့်မယ်။

ဒီလိုတီဘီရောဂါအဖြစ် ပြောင်းသွားနိုင်ခြေပိုများတဲ့ သူတွေ ရှိပါတယ်။  သူတို့တွေကတော့...

- ☑ တီဘီလူနာနဲ့ လတ်တလောအတူနေထိုင်ခဲ့ (သို့) အနီးကပ်ပြောဆိုနေထိုင်ဆက်ဆံခဲ့ဖူးတဲ့သူတွေ၊
- ☑ တီဘီရောဂါအဖြစ်များတဲ့နိုင်ငံတွေကနေ လာခဲ့တဲ့သူတွေ၊
- ☑ ကိုယ်ခံအားစနစ်ကိုအားနည်းစေတဲ့ ကျန်းမာရေးပြဿနာတစ်ခုခုရှိနေတဲ့သူတွေ၊ ဥပမာ - အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ၊ ကင်ဆာရောဂါ၊ ဆီးချိုရောဂါ စသည်...
- ☑ ကိုယ်ခံအားစနစ်ကိုအားနည်းစေတဲ့ အနေအထိုင်အလေ့အကျင့်ရှိတဲ့သူတွေ၊ ဥပမာ - ဆေးလိပ်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ အရက်အလွန်အကျွံသောက်ခြင်း၊ အာဟာရပြည့်ဝအောင် မစားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှု မရှိခြင်း စသည်...

**သင့်ခန္ဓာကိုယ်ထဲကတီဘီပိုးက တစ်နေ့မှာ နိုးထလာပြီး သင့်ကို နေထိုင်မကောင်းအောင်လုပ်လိမ့်မယ်။ ဒါပေမယ့် ဘယ်သူက ဘယ်အချိန်မှာ တီဘီရောဂါအဖြစ်ပြောင်းသွားမလဲဆိုတာကိုတော့ အတိအကျပြောလို့မရပါဘူး။**

## ဆေးတွေသောက်ရမှာလား။

သင့်ရဲ့ဆရာဝန်က သင့်ကိုတီဘီရောဂါလူနာ အဖြစ်ကူးပြောင်းသွားနိုင်ခြေများတယ်လို့ ယူဆရင် သင့်ခန္ဓာကိုယ်ထဲက တီဘီပိုးကို  ဖယ်ရှားပစ်ဖို့အတွက် ဆေးသောက်ဖို့ အကြံပြုပါလိမ့်မယ်။

ကုသမှုနဲ့ပတ်သက်ပြီး ကုထုံးအမျိုးမျိုး ရှိပါတယ်။ ဂျပန်နိုင်ငံမှာ အသုံးအများဆုံးကုထုံး ကတော့ Isoniazid နဲ့ rifampicin လို့ခေါ်တဲ့ တီဘီဆေး၂မျိုးကို ၃-၄လ လောက်သောက်ရတာပါ။ သင့်အတွက် အကောင်းဆုံးဖြစ်မယ့်ကုထုံးကို သင့်ရဲ့ဆရာဝန် နဲ့ တိုင်ပင်ပြီး ဆုံးဖြတ်လို့ရပါတယ်။ LTBI ရဲ့ကုသမှုက တီဘီရောဂါကုသမှုထက် ကုသချိန် ပိုတိုတယ်၊ သောက်ရတဲ့ဆေးလည်း ပိုနည်းပြီး ကုန်ကျစရိတ်လည်း ပိုသက်သာပါတယ်။

**LTBI က မြန်မြန်ဆန်ဆန် ကုသလို့ရတယ်။ ကုသမှုက ၃-၄လလောက်ပဲ ကြာလိမ့်မယ်။ တီဘီရောဂါကုသမှုထက် ကုသချိန် ပိုတိုတယ်၊ သောက်ရတဲ့ဆေး ပိုနည်းပြီး ကုန်ကျစရိတ်လည်း ပိုသက်သာပါတယ်။**



## အလုပ် နားရမှာလား။
## ကျောင်း နားရမှာလား။

လုံးဝ မလိုပါဘူး။ LTBI ဆိုတာက သင့်မှာ ရောဂါရှိနေတယ်လို့ မဆိုလိုပါဘူး။ ဒါကြောင့် သင့်အလုပ်တွေ၊ စာသင်နေတာတွေကို ရပ်နားလိုက်ဖို့ မလိုပါဘူး။ ကျန်းမာတဲ့လူတစ်ယောက်လိုပဲ သင့်ပုံမှန်နေ့စဉ်ဘဝအတိုင်း ဆက်လက်နေထိုင်နိုင်ပါတယ်။

သင်သောက်နေတဲ့ဆေးတွေကနေ ဘေးထွက်ဆိုးကျိုးခံစားရမှုရှိ၊ မရှိကို စစ်ဆေးဖို့ တစ်ခါတစ်ရံ သင့်ဆရာဝန်ဆီ သွားရောက်ဖို့သာ  လိုအပ်မှာပါ။

## အလုပ်ဆက်လုပ်လို့မရဘူး၊ စာဆက်သင်လို့ မရဘူးလို့ ကိုယ့်ကိုပြောလာခဲ့ရင် ဘယ်လိုလုပ်မလဲ။

သင့်မှာ LTBI ရှိနေလို့ မမျှမတ ပြောဆိုဆက်ဆံခြင်း ခံရတယ်လို့ ယူဆရင် သင့်ရဲ့ဘာသာစကားနဲ့ သင်အကြံ ဉာဏ် တောင်းခံနိုင်တဲ့နေရာ များစွာ ရှိပါတယ်။

ဂျပန် တီဘီရောဂါတိုက်ဖျက်ရေးအသင်း တယ်လီဖုန်းဖြင့်ဆွေးနွေးအကြံပြုမှုရယူလိုပါက:
**၀၃-၃၂၉၂-၁၂၁၈**
**အင်္ဂါနေ့တိုင်း၊ မနက် ၁၀ နာရီ မှ နေ့လယ် ၁၂ နာရီ အထိ၊ မွန်းလွဲ ၁ နာရီ မှ ၃ နာရီ အထိ**

**LTBI ရှိနေခြင်း၊ ကုသခြင်းဟာ သင်ဖျားနာနေတာ မဟုတ်ပါ။ သင့်ရဲ့ ပုံမှန် နေ့စဉ်ဘဝ အတိုင်း ဆက်လက်နေထိုင်နိုင်ပါတယ်။**